# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု

# အစီအစဉ်




လူထုစည်းရုံးရေးမှူးအမည် - ဒေါ်စိုးစိုးဆင့်

လက်ထောက်နည်းပညာမှူးအမည် - ဦးသန်းထွန်း


ခရိုက်သစ်ကျေးရွာအုပ်စု၊ ခရိုက်သစ်ကျေးရွာ                2018 ခုနှစ်

# မာတိကာ


စဉ် အကြောင်းအရာ စာမျက်နှာ

၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ ........ 3

၂။ နတ်မော်ကျေးရွာတည်နေရာပြမြေပုံ ........ 4

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ........ 5

၄။ ကျေးရွာအခြေခံအချက်အလက်များ ........ 5

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ........ 6

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ........ 8

၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း ........ 12

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ........ 16

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ........ 17

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁) ........ 18

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ........ 21

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ........ 22

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) ........ 24

၁၃။ အစည်းအဝေးမှတ်တမ်းများ ........ 25

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ ........ 26


၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ........ 26

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ ........ 27

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ


MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Da Yei
Ka Lwi
Taw Ka Nar
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Taw Pun
Nat Hmaw
Kayin Win Sein
Kha Yaik Thit
Mu Yit Gyi
Chaungzon
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Zee Kone
Hpan Hpa
Ku Lar Bi
Wei Lan
Ka Yaik Du
Mu Yit Kalay
Se Pa Lar
Kawt Ka Daik
Hin Thar Kyun
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair
(GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ နတ်မော်ကျေးရွာတည်နေရာပြမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| ခရိုက်သစ်ကျေးရွာအုပ်စု | ခရိုက်သစ်ကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

| | |
|---|---|
| ကျေးရွာအမည် | - ခရိုက်သစ်ကျေးရွာ |
| ကျေးရွာအုပ်စုအမည် | - ခရိုက်သစ်ကျေးရွာအုပ်စု |
| လူဦးရေ | - ကျား - ၉၂၂၊ မ ၉၅၄၊ စုစုပေါင်း ၁၈၇၆ ဦး |
| အိမ်ထောင်စု | - ၃၃၅ စု |
| တိုင်းရင်းသားလူမျိုးစု | - ဗမာ- ၉၅၊ ကရင်- ၄၊ မွန်- ၂၂၁ |
| ကျန်းမာရေးဆေးပေးခန်း | - မရှိ |
| ပညာရေးအဆောက်အဦး | - မူလတန်းကျောင်း (၁) ကျောင်း၊ |
| လူမှုရေးအဆောက်အဦး | - စေတီ၊ ဘုန်းကြီးကျောင်း၊ ဂတ်ပြကျောင်း |
| အဓိက စီးပွားရေးလုပ်ငန်း | - လယ်ယာလုပ်ငန်း ကျဘမ်း |
| အဓိက ပိုင်ဆိုင်မှု | - လယ်ယာ၊ |
| အခြားဆက်နွယ်မှု ရှိ/မရှိ | - အုပ်စုအတွင်း ကျေးရွာများနှင့်ချိတ်ဆက်မှုရှိ |


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 7.210.2017 | ကျေးရွာလူထု | 78 | 102 | 154 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၎င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။ (Wealth Ranking) | 7.210.2017 | ကျေးရွာလူထု | 78 | 102 | 154 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာခန ကြွယ်ဝမှုများ၊ ပိုင်ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေအနေ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 7.210.2017 | ကျေးရွာလူထု | 78 | 102 | 154 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာအတွင်း ရာသီအလိုက် လုပ်ငန်းဆောင်တာများ၊ အသက်မွေးဝမ်းကြောင်းမှု အပြောင်းအလဲများကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေရသည့် မတူညီသည့် အခက်အခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 8.10.32017 | ကျေးရွာလူထု | 58 | 122 | 145 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းများကိုလုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၄င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 8.10.32017 | ကျေးရွာလူထု | 58 | 122 | 145 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၄င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ပြဿနာသစ်ပင် (Problem Tree) | 8.10.32017 | ကျေးရွာလူထု | 58 | 122 | 145 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင်ကြုံတွေ့နေရသည့် လိုအပ်ချက် များ၊ အခက်အခဲများ၊ ပြဿနာ များအားအကြောင်း၊ အကျိုးဆက်စပ်ဖြစ်တည်နေသည့် သဘောသဘာဝအား ပြဿနာသစ်ပင်နည်းလမ်းအား အသုံးပြု၍ဆွေးနွေးခြင်း။ |
| ၇ | ပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) | 8.10.32017 | ကျေးရွာလူထု | 58 | 122 | 145 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသား များ၏အခန်းကဏ္ဍကို သိရှိနိုင်ရန်နှင့် ၄င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကို သိရှိနားလည်စေရန်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ


### ၆.၁ အရင်းအမြစ်ပြမြေပုံ



## ခရိုက်သစ်ကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်

ခရိုက်သစ်ကျေးရွာသည် မြေညီမြေပြန့်ရှိသော ကျေးရွာတစ်ခုဖြစ်ပါသည်။ အရှေ့ဘက်တွင် လယ်ကွင်းများ၊ အနောက်ဘက်တွင် ဘုန်းတော်ကြီးကျောင်းများ၊ တောင်ဘက်တွင်ကွမ်းသဲကျေးရွာနှင့် မြောက်ဘက်တွင် ချောင်းဆုံအရှေ့ရပ်ကွက်တို့ တည်ရှိသည်။ ခရိုက်သစ်ကျေးရွာသည် ဧရိယာအားဖြင့် (၂.၈၉) စတုရန်းမိုင် ဧကအားဖြင့် (၁၈၅၂) ဧကကျယ်ဝန်းပါသည်။ ကျေးရွာ၏ လယ်မြေဧက (၁၀၇၁) ဧကနှင့် ဥယျာဉ်ခြံမြေ (၇၃) ဧကရှိပြီး စိုက်ပျိုးခြင်းမပြုနိုင်သော အခြားမြေဧရိယာများမှာ လယ်မြေ (၄၉) ဧက၊ စားကျက်မြေ (၂၄) ဧက၊ လမ်းမြေ (၆) ဧက၊ ရွာမြေ (၂၈) ဧက၊ သာသနာ့မြေ (၂၂) ဧက၊ အခြားမြေ (၅) ဧကနှင့် မြစ်ချောင်းရေ အောက်မြေ (၅၇၄) ဧကတို့ဖြစ်ပါသည်။ ကျေးရွာတွင် ဆောက်လုပ်ရေးဦးစီးဌာနမှ ကတ္တရာလမ်းအရှည် (၁) မိုင် (၄) ဖာလုံရှိပြီး ကျေးရွာတွင်းရှိလမ်းသွယ်များမှာ ကွန်ကရစ်လမ်းဖြစ်ပြီး ရပ်ကွက် (၃၊ ၄ နှင့် ၆) လမ်းများမှာ မြေနီလမ်းဖြစ်သောကြောင့် မိုးတွင်းကာလတွင် သွားလာရခက်ခဲသည် ။ ခရိုက်သစ်ကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း ၃၃၅ စုရှိပြီး လူဦးရေစုစုပေါင်းမှာ ၁၈၇၆ ဦးရှိသည်။

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဗန်ကားချပ်




### ခရိုက်သစ်ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်

ခရိုက်သစ်ကျေးရွာအုပ်စု၊ ခရိုက်သစ်ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ၊ မီးလင်းရေးအဖွဲ့၊ သာရေးနာရေးအဖွဲ့၊ စီထောက်ကော်မတီ၊ လူငယ် အဖွဲ့၊ ပညာရေးအဖွဲ့နှင့် မြို့နယ်ပညာရေးဌာန၊ မီးလင်းရေးအဖွဲ့နှင့် မြို့နယ်လျှပ်စစ်ဌာနတို့သည် ချိတ်ဆက်ပြီး ကျေးရွာဖွံ့ဖြိုးရေးကို ကူညီလျှက်ရှိပါသည်။ အုပ်ချုပ်ရေးမှူးအဖွဲ့သည် အဖွဲ့အားလုံးတွင် အရေးပါဆုံးအဖွဲ့ဖြစ်ပြီး ကျန်အဖွဲ့အားလုံးနှင့်ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေး အလုပ်များကို လုပ်ဆောင်ကြသည်။ ကျေးရွာစီထောက်အဖွဲ့သည် ကျေးလက်ဦးစီးအဖွဲ့၊ မြို့နယ်နည်းပညာအကြံပေး အဖွဲ့များနှင့်ချိတ်ဆက်ပြီး လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။

အဖွဲ့အစည်းများသည်သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်နေကြပြီး ပူးပေါင်းဆောင် ရွက်မှုရှိည်ကိုတွေ့ရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်းများအချင်းချင်း ယခုထက်ပိုမို၍ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ချက်များရှိနေသေးကြောင်း သိရသည်။

### ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



ကျေးရွာ - ခရိုက်သစ် ဓနအင်အားအဆင့်သတ်မှတ်ချက် ဇုံ.၆

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ကား၊ ဆိုင်ကယ်၊ ကျွဲ၊ လယ် (ဧ) ၉က အထက်၊ တိုက်အိမ်၊ | ၂၀ | |
| အလယ်အလတ် | လယ် (ဧ) ၉ကအောက်၊ ချော်ဆိုင်၊ ဆေးလိပ်ခုံ၊ ဝပ်ရှော့၊ ပျဉ်ထောင်အုတ်မိုး၊ နွားဆိုင်ကယ် | ၁၅၄ | |
| နွမ်းပါး | ပျဉ်ခင်း၊ ဓနိမိုး၊ ဝါးအိမ်၊ ဝါးထရံကပ်မျက်ထိုး၊ ဈေးရောင်းသူများ | ၁၆၀ | |

## ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်

ခရိုက်သစ်ကျေးရွာတွင် ဓနအင်အားသတ်မှတ်ချက်အရ ချမ်းသာ (A)၊ အလယ်အလတ် (B) နှင့် ဆင်းရဲ (C) ဟူ၍ ပိုင်းခြားသတ်မှတ်ကြသည် ။

ချမ်းသာအဆင့်တွင် အိမ်ထောင်စု (၂၀) ခန့်ရှိပြီး ပိုင်ဆိုင်မှု အနေဖြင့် ကား၊ ဆိုင်ကယ်၊ ရော်ဘာခြံ၊ လယ် (၈) ဧကအထက်၊ ဇိမ်ခံပစ္စည်းများ၊ တိုက်အိမ်၊ ပျဉ်ထောင်သွပ်မိုး၊ အိမ်ကောင်းများပိုင်ဆိုင်ထားကြသည်။ အလယ်အလတ်အဆင့်တွင် အိမ်ထောင်စု (၁၅၄) ခန့်ရှိပြီး ပိုင်ဆိုင်မှု အနေဖြင့် လယ် (၈) ဧကအောက်၊ စျေးဆိုင်၊ ဆေးလိပ်ခုံ၊ ဂပ်ရှော့၊ ပျဉ်ထောင်သွပ်မိုးနှင့် ဆိုင်ကယ်တို့ ပိုင်ဆိုင် ကြသည်။ ဆင်းရဲအဆင့်တွင် ပျဉ်ခင်း၊ ဓနိမိုး၊ ဝါးအိမ်၊ လက်လုပ်လက်စား၊ ခေါင်းရွက်ဗျပ်ထိုး စျေးရောင်းသူများ ပါဝင်ပြီး အိမ်ထောင်စု (၁၆၀) ခန့်ရှိသည်ဟု ဆွေးနွေးကြပါသည်။

ကျေးရွာတွင်သံပန်းသံတံခါး ပြုလုပ်သောလုပ်ငန်းရှင် (၁) ဦး၊ ဆေးလိပ်ခုံ (၃) ခုံ၊ ပန်းပဲလုပ်ငန်း (၁) ရုံ၊ ဂပ်ရှော့လုပ်ငန်း (၁) ခုနှင့် သစ်ခွဲစက် (၁) စက်ရှိပါသည်။ ကျေးရွာတွင်ရှိသော အလုပ်လုပ်နိုင်သူဦးရေနှင့် အလုပ်လက်မဲ့နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် ။

အလုပ်လုပ်နိုင်သူဦးရေ - ၈၂၄ ဦး


လုပ်ငန်းခွင်ရှိလုပ်သား - ၁၁၆ ဦး

အလုပ်လက်မဲ့ဦးရေ - ၅၄၇ ဦး

အလုပ်လက်မဲ့ရာခိုင်နှုန်း - ၃၉.၉၁ ရာခိုင်နှုန်းတို့ဖြစ်ပါသည်။

ကျေးရွာအတွင်းတွင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ ပုံမှန်ဝင်ငွေမရှိခြင်း၊ အသက်မွေးဝမ်းကျောင်း အသိပညာ၊ အတတ်ပညာတတ်မြောက်မှုအားနည်းခြင်းတို့ကြောင့် စားဝတ်နေရေး ပြေလည်သူများနည်းပါးသည်ကိုတွေ့ရသည်။ အချို့မှာ အသက်မွေးဝမ်းကျောင်းအတွက် အခြားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ပြီး ဝင်ငွေရှာဖွေရသူများလည်းရှိကြောင်းသိရသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



**ပင့်ကူအိမ်သုံးသပ်ခြင်း**

ခရိုက်သစ်ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အကြောင်းအရာ (၁၀) ခု အဆင့် (၁၀) ဖြင့် သတ်မှတ်ပြီး အမျိုးသားအမျိုးသမီး နှစ်ဖွဲ့ခွဲကာဆန်းစစ်အကဲဖြတ်ခဲ့ပါသည်။

ဝင်ငွေရရှိမှုတွင် အမျိုးသမီးများသည် အမျိုးသားများထက်လျော့နည်းသည်ကိုတွေ့ရသည်။ အမျိုးသမီး များသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ခွန်အားနည်းပါးခြင်း၊ လုပ်ငန်းရှင်များမှ ၄င်းတို့အလုပ်ပိုမိုပြီး မြောက်စေရန် အမျိုးသားများကို ဦးစားပေးခြင်းကြောင့်သော်လည်းကောင်း အမျိုးသမီးများဝင်ငွေနည်းပါးရခြင်း ဖြစ်ပါသည်။

ပညာသင်ကြားခွင့်တွင် အမျိုးသမီးအမျိုးသားတန်းတူ အခွင့်အရေးရှိပါသည်။ ချောင်းဆုံ အခြေအနေအရ ပညာတတ်အမျိုးသမီးဦးရေပိုများသည်ကို တွေ့ရှိရပါသည်။

ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွင် အမျိုးသမီးအမျိုးသားတန်းတူအခွင့်အရေးရှိသည်ကို တွေ့ရှိရသည်။


ခေါင်းဆောင်မှု၊ ရပ်ရွာအရေးကိစ္စများတွင်ဆုံးဖြတ်ချက်ချနိုင်မှု၊ အရင်းမြစ်များစီမံခန့်ခွဲ အသုံးပြုမှုတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူမရှိပဲ အခွင့်အရေးနည်းပါးသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများ သားရေးသမီးရေးကိစ္စများနှင့် ရှေးရိုးစွဲမိရိုးဖလာယဉ်ကျေးမှု၊ ပတ်ဂန်းကျင်၏ပုံသွင်းခြင်းတို့ကြောင့် အမျိုးသားများနှင့် တန်းတူအခွင့်အရေးမရရှိသည်ကို တွေ့ရှိရပါသည်။

လုံခြုံမှုတွင် အမျိုးသမီးများ အများဆုံးအကြမ်းဖက်မှုကိုခံစားရသည်။ လူမှုရေးနယ်ပယ်တွင် တန်းတူညီမျှ မှုမရှိခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ခံစားရပြီး အမျိုးသားများကိုယ်တိုင် အမျိုးသမီးများကို အခွင့်အရေးပေးမှု ဖေးကူမှု မရှိခြင်းကြောင့်ဖြစ်သည်။ ၎င်းအပြင် ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသည့်ကိစ္စရပ်များသည်လည်း အမျိုးသမီးများအား ဘဝလုံခြုံမှုအပိုင်းတွင် အားနည်း စေသည့် အကြောင်းအရင်းတစ်ရပ်လည်းဖြစ်ကြောင်းသိရသည်။

ဆုံးဖြတ်ချက်ချပိုင်ခွင့်တွင်လည်း အမျိုးသားများမှ လွှမ်းမိုးထားသည်ကိုတွေ့ရသည်။ အမျိုးသမီးအများစုအနေဖြင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်တွင် အမျိုးသားများနှင့် တန်းတူမရှိဘဲ အမျိုးသားများမှသာ ဆုံးဖြတ်ချက်ချမှုများရှိနေသည်။

အိမ်မှုကိစ္စရပ်များတွင်မူ အမျိုးသမီးများမှသာလျှင် အများဆုံးလုပ်ကိုင်နေရသည်ကိုတွေ့ရသည်။ အကြောင်းမှာ အိမ်မှုကိစ္စရပ်များသည် အမျိုးသမီးများနှင့်သာ အဓိကသက်ဆိုင်သည်ဟု အစဉ်အဆက်ကတည်းကလက်ခံလာကြပြီး ယခုအချိန်ထိလည်း ကျင့်သုံးနေကြခြင်းကြောင့်ဖြစ်သည့်အပြင် အမျိုးသားအများစုမှာ ဝင်ငွေရှာဖွေခြင်းကို လုပ်ကိုင်ကြသောကြောင့်လည်းဖြစ်သည်။

## ၆.၅ ရာသီခွင်ပြဇယား



### ခရိုက်သစ်ကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်


ခရိုက်သစ်ကျေးရွာ၏ ရာသီဥတုမှာ တန်ခူးလ၊ ကဆုန်လတွင် နေသာပြီး နယုန်လတွင် မိုးအနည်းငယ်ရွာ သွန်းစပြုလာပါသည်။ ဂါဆိုဂါလ၊ ခေါင်လတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေနိမ့်ပိုင်းတွင်ရေကြီးပါသည်။ တော်သလင်း၊ သီတင်းကျွတ်လများတွင် မိုးနည်းပါးသည်။ တန်ဆောင်မုန်းလနှင့် နတ်တော်လများတွင် ရာသီဥတုသာယာပါသည်။ ပြာသိုလ၊ တပို့တွဲလများတွင် နှင်းများကျဆင်းပြီး ဆောင်းတွင်းကာလဖြစ်ပါသည်။ နယုန်လတွင် ကလေးများသွေးလွန်တုပ်ကွေးနှင့် ဖျားနာရောဂါများ ဖြစ်ပွားတတ်ပါသည်။ ကျေးရွာတွင်သားဖွား ဆရာမ (၁) ဦးရှိပြီး မြို့နယ်ပြည်သူ့ဆေးရုံတွင်သာ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရပါသည်။

ပွဲတော်ကာလမှာ နတ်တော်လဖြစ်ပြီး စာရေးတံဆွမ်းလောင်းပွဲကိုကျင်းပကြပါသည်။

လယ်ယာလုပ်ငန်းအနေဖြင့် နယုန်လတွင်ပျိုးထောင်ပြီး ဝါဆိုလနှင့် ဝါခေါင်လများတွင် စိုက်ပျိုးကြပါသည်။ တန်ဆောင်မုန်းလနှင့် နတ်တော်လများတွင် စပါးများကိုရိတ်သိမ်းပြီး ခြွေလှေ့ကြပါသည်။ ရော်ဘာလုပ်ငန်းကို တော်သလင်းလတွင် စတင်လုပ်ကိုင်ပြီး နယုန်လတွင် လုပ်ငန်းကိုပိတ်သိမ်းကြပါသည်။

တပို့တွဲလ၊ တပေါင်းလ၊ တန်ခူးလများတွင် သောက်သုံးရေကောင်းစွာမရရှိနိုင်တော့ပါ။

## ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



**ခရိုက်သစ်ကျေးရွာ၏ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်**

ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုကိုသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အရင်းအမြစ်များအားလုံးကို ကျား၊ မတန်းတူအသုံးပြုနိုင်ပြီး ထိန်းချုပ်မှုဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများသာ ဦးဆောင်ပြီး ဆုံးဖြတ်ချက်ချလုပ်ကိုင်ကြသည်ကိုတွေ့ရှိရပါသည်။ အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချသည့် နေရာ ဦးဆောင်မှုအပိုင်းတွင် နည်းပါးနေသည်ကိုတွေ့ရှိရသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | စီ/ထောက်ကော်မတီ | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | စီ/ထောက်ကော်မတီ | ဥက္ကဋ္ဌ | ဦးထွန်းထွန်း | |
| | | | ဒေါ်အေးသန့် | |
| ၂ | ဘဏ္ဍာရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ | ဒေါ်ခင်မာဆွေ | |
| | | ငွေထိန်း | ဒေါ်သန်းသန်းဝင်း | |
| | | အဖွဲ့ဝင် | ဦးမျိုးညွန့် | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးတင်ဇော်ဦး | |
| | | အဖွဲ့ဝင် | ဦးဝင်းရှိန် | |
| | | အဖွဲ့ဝင် | ဒေါ်ခင်နုဝါ | |
| ၄ | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးမြင့်ဌေး | |
| | | အဖွဲ့ဝင် | ဒေါ်သီဂီဦး | |
| | | အဖွဲ့ဝင် | ဦးမြင့်သိန်း | |
| ၅ | စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးငွေညွန့် | |
| | | အဖွဲ့ဝင် | ဦးရဲရဲလင်း | |
| | | အဖွဲ့ဝင် | ဒေါ်မြင့်မြင့်အေး | |
| ၆ | အကြံပြုတိုင်ကြားရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးစိုးသိန်း | |
| | | အဖွဲ့ဝင် | ဦးသိန်းမြင့် | |
| | | အဖွဲ့ဝင် | ဒေါ်မိုးမိုးဌေး | |
| | | အဖွဲ့ဝင် | ဒေါ်ယဉ်ယဉ်ဌေး | |
| ၇ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးသက်လွင် | |
| ၈ | စေတနာ့ဝန်ထမ်း | | ဦးလှမြင့် | |
| | စေတနာ့ဝန်ထမ်း | | ဒေါ်သန်းသန်းအေး | |
| | စေတနာ့ဝန်ထမ်း | | ဦးစိုးဝင်း | |

## ၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး ကြည်တိုး | 09.976122598 | ဒေါ်စိုးစိုးဆဝ် |


| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မွန် | ချောင်းဆုံ | ခရိုက်သစ် | ခရိုက်သစ် |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ------မွန်--- | 221 | ဘာသာ (၁) ---ဗုဒ္ဓ--- | 221 |
| လူမျိုးစု (၂) ---ဗမာ--- | 95 | ဘာသာ (၂) ---ဗုဒ္ဓ--- | 95 |
| လူမျိုးစု (၃) ------------ ကရင် | 4 | ဘာသာ (၃) ------------ ဗုဒ္ဓ | 4 |
| လူမျိုးစုရော -------------- | | ဘာသာရော ----------- | |
| အခြား ဟိန္ဒူ | 15 | ဟိန္ဒူ | 15 |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 8 | | |
| သက်ကြီးရွယ်အိုများ ( နှစ် နှင့် အထက်) | 30 | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 922 | 954 |
| လူမျိုးစု (၁)-----မွန်--- | 699 | 726 |
| လူမျိုးစု (၂)-----ဗမာ | 151 | 167 |
| လူမျိုးစု (၃)-----ကရင် | 6 | 12 |
| အခြား ဟိန္ဒူ | 41 | 57 |
| အိမ်ထောင်ဦးစီး | 295 | 40 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ



| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| | | | | စေတီ | ✓ |
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | ဘုန်းကြီးကျောင်း | ✓ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဟိန္ဒူဘုရားကျောင်း | ✓ |
| မူလတန်းကျောင်း | ✓ | ကျန်းမာရေးဌာနခွဲ | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| မူကြိုကျောင်း | ✓ | ဆေးပေးခန်း | ☐ | ဗလီ | ☐ |
| အခြား | ☐ | အခြား | ☐ | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ✓ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ✓ | ☐ |
| အထက်တန်းပြဆရာ/မ | ✓ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ✓ | ☐ |
| [illegible] ဆရာ/မ | ✓ | ☐ | [illegible] ကျန်းမာရေးဆရာမ | ☐ | ✓ | [illegible] မိုးသမား | ✓ | ☐ |
| မူကြိုဆရာ/မ | ✓ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ✓ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ____________


(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး



(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ စရိတ်မည်မျှကျသင့်ပါသနည်း? ဗိုင် --------/မသိပါ
(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် -------[illegible]-- ထော်လာဂျီ/ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------
မိုးရာသီတွင်ကြာချိန် ------------[illegible]----- ထော်လာဂျီ/ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်
ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။
☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ -------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible] ကော်မတီ
(၂) [illegible]

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း
ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။
☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]
လက်မှတ် [signature] နေ့စွဲ 10.10.17

လူထုစည်းရုံးရေးမှူး အမည် [illegible]
လက်မှတ် [signature] နေ့စွဲ 10.10.17

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | |
|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်စိုးစိုးခင် |
| နေ့စွဲ | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း | ရှမ်း |
| မြို့နယ် | ညောင်ရွှေ |
| ကျေးရွာအုပ်စု | ခရိုက်သစ် |
| ကျေးရွာ | ခရိုက်သစ် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 7.10.17 | 7.10.17 | 78 69 | 102 85 | 154 | 112 \| 32 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 8.10.17 | 8.10.17 | 68 62 | 99 83, 22 | 145 | 114 \| 31 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 20.10.17 | 20.10.17 | 11 | 7 | 18 | 18 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 23.11.17 | 23.11.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 11.12.17 | 11.12.17 | 50 | 90 | 140 | 111 \| 29 |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 13.12.17 | 13.12.17 | 10 | 8 | 18 | 18 |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 18.12.17 | 18.12.17 | 12 | 7 | 19 | 19. |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 20.12.17 | 20.12.17 | 9 | 7 | 16 | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 26.12.18 | 26.12.18 | 10 | 7 | 17. | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 5.1.18 | 5.1.18 | 11 | 6 | 17 | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 1.2.18 | 1.2.18 | 10 | 7 | 17 | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | 16.2.18 | 16.2.18 | 9 | 7 | 16 | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | 20.2.18 | 20.2.18 | 11 | 6 | 17 | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | 28.2.18 | 28.2.18 | 10 | 7 | 17. | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | 5.3.18 | 5.3.18 | 64 | 105 | 169. | |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခိုင်ခိုင်ဆင့်

| | | | |
|---|---|---|---|
| နေ့စွဲ 20 . 10 . 17. | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ချင်း | မြို့နယ် ရှောင်းဆို | ကျေးရွာအုပ်စု ခရိုက်သစ် | ကျေးရွာ ခရိုက်သစ် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ကွင်းဆင်းလမ်းသွားလာရခက်ခဲခြင်း | ၁ | ကျေးရွာကွင်းဆင်းလမ်းသွားလာရခက်ခဲခြင်း |
| ၂ | တောင်ကုန်းလမ်းသွားလာရခက်ခဲခြင်း | ၂ | တောင်ကုန်းလမ်းသွားလာရခက်ခဲခြင်း |
| ၃ | ကျေးရွာလမ်းများအားလုံးပျက်စီးနေခြင်း | ၃ | ကျေးရွာလမ်းများပျက်စီးယိုယွင်းနေခြင်း |
| ၄ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆွေးနွေးရန်ခက်ခဲခြင်း | ၄ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆွေးနွေးရန်ခက်ခဲခြင်း |
| ၅ | | ၅ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကွင်းဆင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ | ကွင်းဆင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း |
| ၂ | တောင်ကုန်းလမ်းကွန်ကရစ်ခင်းခြင်း | ၂ | တောင်ကုန်းလမ်းကွန်ကရစ်ခင်းခြင်း |
| ၃ | ကျေးရွာတွင်းလမ်းများအားလုံးရေဖိတ်လွှာခင်းခြင်း | ၃ | ကျေးရွာတွင်းလမ်းများအားလုံးရေဖိတ်လွှာခင်းခြင်း |
| ၄ | ကျေးရွာတွင်းဆိုးမြောင်းတည်ဆောက်ခြင်း | ၄ | ကျေးရွာတွင်းဆိုးမြောင်းတည်ဆောက်ခြင်း |
| ၅ | | ၅ | |

က။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ကွင်းဆင်း လမ်း ကျောက်ကာရစ်ခင်း ခြင်း | | 670000 | |
| ၂ | ဆောင်ကျင်း လမ်း ကျောက်ကာရစ်ခင်း ခြင်း | | 1600000 | |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |


ခ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁. | ခေတ်မှီ စိုက်ပျိုး နည်းပညာသင်တန်း | ကျား / မ | |
| ၂ | မွေးမြူရေး နည်းပညာသင်တန်း | ကျား / မ | |
| ၃ | မုန့်ဖုတ်ခြင်း လုပ်ငန်း | ကျား / မ | |
| ၄ | ဖုန်းပြင်သင်တန်း | ကျား / မ | |
| ၅ | [illegible] ပြုပြင်ရေးသင်တန်း | ကျား / မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---- မိုးထွန်းထွန်း ---- လက်မှတ် ---------------- နေ့စွဲ ----------------

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)



ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စု CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည်

နေ့စွဲ

စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄)

ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း ကိုက်ညီချက် အကျိုးခံစား ခွင့်ရှိသူများ | အဆိုပြု တင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | |
| | | 440'×10'×0.6" | 670000 | □ ကျား □ မ ☑ ကျား+မ | | | | | |
| | | <600'×10'×0.6"> 2 <1100×2.0'×0.6'> | 16000000 | □ ကျား □ မ ☑ ကျား+မ | | | | | |
| | | | | □ ကျား □ မ □ ကျား+မ | | | | | |
| | | | | □ ကျား □ မ □ ကျား+မ | | | | | |
| | | | | □ ကျား □ မ □ ကျား+မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ  အမည်  ရက်စွဲ

## ၁၃။ အစည်းအဝေးမှတ်တမ်းများ

အစည်းအဝေးမှတ်တမ်း

ကျေးရွာ ။ ။ ခရိုက်သစ်
ကျေးရွာအုပ်စု ။ ။ ခရိုက်သစ်
အစည်းအဝေးကျင်းပချိန် ။ ။ 10:00 မှ 2:00 ထိ
နေရာ ။ ။ မူလတန်းကျောင်း
နေ့ရက် ။ ။ 7.10.17
တက်ရောက်သူဦးရေ ။ ။ (144) ဦး
အကြောင်းအရာ ။ ။ ပထမအကြိမ်အစည်းအဝေးကျင်းပခြင်း

ခရိုက်သစ်ကျေးရွာအုပ်စု၏ ပထမကြိမ်အစည်းအဝေးကို (7.10.17) ခရိုက်သစ်စာသင်ကျောင်းတွင်ကျင်းပပြုလုပ်ခဲ့ပါသည်။ အုပ်ချုပ်ရေးမှူး ဦးကြည်တိုး မှ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ စည်းရုံးရေးမှူး ဦးသက်ဆော်ထွန်း မှ စီမံကိန်း စက်ဝန်း အကြောင်းကို အသေးစိတ် ပြောကြားပြီး ကျားမရေးရာ နှင့်တန်းတူညီမျှ သာတူညီမျှ မှုရှိစေခြင်း အကြောင်းအရာများကို တာဝန်ကျ စည်းရုံးရေးမှူး မှ ရှင်းလင်း ပြောကြားခဲ့ပါသည်။ ကျေးရွာမြေပုံ၊ ပစ္စည်းအိမ်မကြားချပ်၊ ဥတုရာသီအလိုက်ဖြစ်ခြင်း၊ ရာသီဥတုပြောင်းလဲပြက္ခဒိန်၊ ပိုင်ဆိုင်မှုထိန်းချုပ်မှုစသည့် လူမှုအဆင့်ခွဲမှုများ ပြုလုပ်ခဲ့ပါသည်။ ကျေးရွာစေတနာ့ဝန်ထမ်းရွေးချယ်ခြင်းကို ဆောင်ရွက်ပြီးနောက် အနှစ်ချုပ်ပြောကြားပြီး အစည်းအဝေးကို အဆုံးသတ်ခဲ့ပါသည်။

မှတ်တမ်းတင်သူ
(signature)
ဒေါ်ခိုးခိုးဆင့်

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျားမ | ကွင်းဆင်းလမ်းမကောင်းမွန်သဖြင့် အခက်အခဲရှိခြင်း |
| ၂ | ကျားမ | ထောင်ကုန်းလမ်း အဆင့်မြှင့်တင်ရန်လိုအပ်ချက်ရှိနေသေးခြင်း |
| ၃ | ကျားမ | ကျေးရွာအစည်းအဝေးခန်းမမရှိခြင်းကြောင့် ရွာတွင်ပွဲများလုပ်ရန်နေရာခက်ခဲ |
| ၄ | ကျားမ | ရေမလုံလောက်သဖြင့် နွေရာသီတွင်ရေရှားခြင်း |

## ၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျားမ | ကွင်းဆင်းလမ်းအဆင့်မြှင့်တင်ပြီးဖြစ်ရမည်။ |
| ၂ | ကျားမ | ထောင်ကုန်းလမ်းအား အဆင့်မြှင့်တင်ပြီးဖြစ်ရမည်။ |
| ၃ | ကျားမ | ကျေးရွာလမ်းများအားလုံးအား ကတ္တရာရေပိတ်လွှာခင်းပြီးဖြစ်ရမည်။ |
| ၄ | ကျားမ | ကျေးရွာခန်းမတည်ဆောက်ပြီးဖြစ်ရမည်။ |
| ၅ | ကျားမ | သောက်သုံးရေလုံလောက်သောကျေးရွာတစ်ရွာဖြစ်ရန် |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက်ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအား ဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| ဥယျာဉ် | ၁ | စိုက်ပျိုးရေးသင်တန်း | ကျား၊မ | | |
| | ၂ | မွေးမြူရေးသင်တန်း | ကျား၊မ | | |
| | ၃ | မုန့်မျိုးစုံလုပ်နည်းသင်တန်း | ကျား၊မ | | |
| | ၄ | ဖုန်းပြင်သင်တန်း | ကျား၊မ | | |
| | ၅ | လျှပ်စစ်ပြုပြင်နည်းသင်တန်း | ကျား၊မ | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီးမတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်းနှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။